Max Myanmar Group

# Newsletter

September 2020 Edition



နိုင်ငံတော်သို့ အခွန်ဘဏ္ဍာ အများဆုံးထမ်းဆောင်သူများကို

## နိုင်ငံတော်သမ္မတကြီးက ဂုဏ်ပြုချီးမြှင့်

စာ-၃

# CONTENTS


- Cover News
  3
- တစ်လတာမက်စ်မြန်မာသတင်းများ
  4, 5, 6, 7, 8, 11, 12
- Group HRဆောင်းပါး ~ မြေခွေးနှင့် ဖြူကောင်
  9 , 10
- ရသဆောင်းပါး - အမှတ်တရ(၆)
  13, 14, 15, 16, 17
- Photo News
  18
- Other News
  19, 20
- Sport News
  21, 22
- Health Care
  23





















# အခွန်အများဆုံးထမ်းဆောင်ခဲ့သည့် ထိပ်တန်းကုမ္ပဏီများ စာရင်းဝင်ခဲ့၍ နိုင်ငံတော်သမ္မတကြီးမှ ဂုဏ်ပြုချီးမြှင့်

ရန်ကုန်၊ ဩဂုတ် ၁၀


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတဦးဝင်းမြင့်မှ ၂၀၁၈-၁၉စည်းကြပ်နှစ် ဝင်ငွေခွန်နှင့် အထူးကုန်စည်ခွန်အများဆုံးပေး ဆောင်ခဲ့သူများအားဂုဏ်ပြုလက်မှတ်ချီးမြှင့်ပေး ခဲ့ရာ ထိပ်တန်းစာရင်းဝင်ခဲ့သည့် AYA Financial Groupနှင့် Max Myanmar Group ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်လက်ခံရယူခဲ့သည်။

အဆိုပါဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၁၀ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

မက်စ်မြန်မာအုပ်စုအနေဖြင့် ၂၀၁၈-၁၉ စည်းကြပ်နှစ်အတွင်း ကုမ္ပဏီခွဲအသီးသီးမှ နိုင်ငံတော်သို့ အခွန်ဘဏ္ဍာအဖြစ် ကုန်သွယ် လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်စုစုပေါင်း ကျပ် သန်းပေါင်း(၁၄၇၇၂)ကျော် ပေးဆောင်နိုင်ခဲ့ ပါသည်။ ၂၀၁၈-၁၉ စည်းကြပ်နှစ်တွင် AYA Bankနှင့် Max Energy တို့အနေဖြင့် နိုင်ငံတော်သို့ ဝင်ငွေခွန်နှင့် ကုန်သွယ် လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသော ထိပ်တန်းကုမ္ပဏီ(၁၀)ခုစာရင်းတွင် အသီးသီး ပါဝင်ခဲ့သည့်အတွက် နိုင်ငံတော်သမ္မတကြီးမှ ချီးမြှင့်ပေးခဲ့သည့် ဂုဏ်ပြုလက်မှတ်များကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

(






# အစေးထွက်နှုန်းကောင်းမွန်ပြီး ရာဘာပင်များအတွက် အထူးသင့်လျော်သည့် ရွှေဖြူမြေသြဇာ စတင်ဝယ်ယူနိုင်

ရန်ကုန်၊ ဩဂုတ် ၂၅

ရာဘာစိုက်ပျိုးခြံများအတွက် အထူးသင့်လျော်ပြီး အစေးထွက်နှုန်းကောင်းမွန်သည့် ရွှေဖြူ(Shwe Phyu)မြေသြဇာကို ရွှေရောင်ပြ စိုက်ပျိုးရေးကုမ္ပဏီမှ ၂၀၂၀ခုနှစ် မိုးရာသီမှ စတင်ရောင်းချပေးနေပြီ ဖြစ်ပါသည်။ ရွှေဖြူမြေသြဇာသည် အစေးသားပါဝင်မှု DRC ရာခိုင်နှုန်းတည်ငြိမ်ခြင်း၊ အစေးထွက်နှုန်းကောင်းမွန်ခြင်း၊ အပင်အခေါက်ပြန်တက်မှုမြန်ဆန်ခြင်း၊ ပြန်တက်ခေါက် ဖွံ့ဖြိုးကောင်းမွန်ခြင်း၊ အပင်ကျန်းမာ၍ ရေရှည်အစေးခြစ်နိုင်ခြင်းတို့အတွက်အဓိကလိုအပ်သည့် S-K2Oနှင့်MgO အချိုးအစားများကို ပိုမိုဖြည့်စွက်ပေးထားသည်။

ပန်းပွင့်ခြင်းနှင့် အသီးတင်မှုဖြစ်စဉ်ကို လျော့ချပေးနိုင်ရန် စီမံဆောင်ရွက်ထားသလို ရာဘာပင်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအလွန်အကျွံမဖြစ်ပေါ်စေသည့် NO3၊ P2O5ကို အချိုးညီစီမံထားပြီး မြေကြီးအတွင်းမှ လိုအပ်သည့် အစာအဟာရများကို စုပ်ယူရာတွင် အားဖြည့်ပံ့ပိုးပေးနိုင်သည့် Sulphurများကို ဖြည့်စွက်ထားခြင်းကြောင့် ရာဘာပင်များအတွက် အထူးသင့်လျော်ပါသည်။ ရွှေဖြူမြေသြဇာများကို မွန်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းအတွင်းရှိ ရာဘာခြံများအတွက် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

# ပွင့်လင်းရာသီ၌ ကျန်းမာရေးအစီအမံဖြင့် ရွှေရောင်ပြရာဘာခြံလုပ်ငန်းများ စတင်မည်



ဩဂုတ် ၃၁၊ ရန်ကုန် ။ ။ မိုးရာသီကာလတွင် အစေးခြစ်လုပ်ငန်းများရပ်နားထားသည့် ရွှေရောင်ပြရာဘာခြံလုပ်ငန်းများကို ပွင့်လင်းရာသီဖြစ်သည့်စက်တင်ဘာလတွင် ကျန်းမာရေးအစီအမံများဖြင့် ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင်ခြံပြုပြင်ရေးလုပ်ငန်းများကိုသာဆောင်ရွက်နေပြီး ယခုလ၌ဝန်ထမ်းများ၊ ဒေသခံလုပ်သားများနှင့်အတူ လုပ်ငန်းပြန်လည်စတင်မည်ဖြစ်သည်။




# မက်စ်မြန်မာကုမ္ပဏီအုပ်စုဥက္ကဋ္ဌဦးဇော်ဇော် ဒုလ္လဘရဟန်းခံ တစ်နှစ်တာလှူဒါန်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့

ရန်ကုန်၊ ဩဂုတ် ၂၂

မက်စ်မြန်မာကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးဇော်ဇော်သည် ၎င်း၏(၅၃)နှစ်ပြည့် မွေးနေ့ဖြစ်သည့် ၂၀၂၀ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့တွင် ပြင်ဦးလွင်မြို့ရှိ ဓမ္မသဟာယ သာသနာ့စင်တာ၌ ဒုလ္လဘ ရဟန်းခံခဲ့ပါသည်။ ဦးဇော်ဇော်နှင့်အတူ မက်စ်မြန်မာကုမ္ပဏီအုပ်စုဒုတိယဥက္ကဋ္ဌဦးအုန်းကျော် အပါအဝင် မိသားစုဝင်များအတူ ရဟန်းခံ ရှင်ပြုခဲ့ကြပြီး တစ်နှစ်တာအတွင်း ၎င်းလှူဒါန်းခဲ့သမျှ အစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ပါသည်။







# ဓမ္မဝိနယစင်တာအတွက် ပရိယတ္တိသာသနာမဥ္ဇရီ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

ရန်ကုန်၊ ဩဂုတ် ၂၄

မိဘများအားအမှူးထား၍ မက်စ်မြန်မာ ကုမ္ပဏီအုပ်စုဥက္ကဋ္ဌဦးဇော်ဇော်နှင့် မိသားစုများသည် စာသင်သံဃာတော်များသီတင်းသုံးနေထိုင်နိုင်ရန်အတွက် လှည်းကူးမြို့နယ်၊ ဓမ္မဝိနယစင်တာ အတွက် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းမှုကို ဩဂုတ်လ(၂၄)ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။



ဆက်လက်၍ ကျေးဇူးတော်ရှင်မတ္တရာဆရာတော် ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသမှ ကျောင်းဆောက်လုပ် လှူဒါန်းခြင်းအကျိုးနှင့် ရေစက်ချ အနုမောဒနာတရားတော်ကိုဟောကြားချီးမြှင့်တော်မူခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါသည်။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာပြန့်ပွားရေးအတွက်ရည်ရွယ်၍ ဓမ္မဝိနယစင်တာမှ စာသင်သံဃာတော်များ အေးချမ်းစွာ သီတင်းသုံးနေထိုင်နိုင်ရန် ကျောင်းဆောင်သစ်ကို တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

# ဓမ္မသဟာယစင်တာတွင် မက်စ်မြန်မာကုမ္ပဏီအုပ်စုနှင့် ရောဝတီဘဏ်အုပ်ချုပ်မှုတာဝန်ခံများ သိမ်ဆင်းလောင်းလှူ





ရန်ကုန်၊ ဩဂုတ် ၂၂

ဦးဇော်ဇော်၏ အသက်၅၃နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ပြင်ဦးလွင်မြို့ရှိ ဓမ္မသဟာယ သာသနာ့စင်တာတွင် ရဟန်းခံကာ တစ်နှစ်တာအတွင်းပြုလုပ်ခဲ့သည့် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပါသည်။ နံနက်ပိုင်းတွင် သံဃာတော်များ၊ ကိုရင်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအတွက် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ရဟန်းအဖြစ်သို့ ခံယူခဲ့ပါသည်။ အဆိုပါရဟန်းခံရှင်ပြုကို ၂၀၂၀ခုနှစ် ဩဂုတ်လ(၂၂) ရက်နေ့တွင် ကျင်းပခဲ့ပြီး မက်စ်မြန်မာကုမ္ပဏီအုပ်စုနှင့် ရောဝတီဘဏ်မှ အုပ်ချုပ်မှုတာဝန်ခံများ လာရောက်၍ လှူဖွယ်ပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူခဲ့ကြပြီး ကုသိုလ်ပြု ပါဝင်ခဲ့ကြပါသည်။




# ကိုဗစ်ဒုတိယလှိုင်းအတွက် Quarantine Centerများနှင့် လိုအပ်ချက်များ ဆက်လက်ထောက်ပံ့ကူညီပေး

ရန်ကုန်၊ စက်တင်ဘာ ၆

ကိုဗစ်-၁၉ ကူးစက်မှု လျင်မြန်စွာ မြင့်တက်လျက်ရှိရာ ဧရာဝတီဖောင်ဒေးရှင်း အနေဖြင့် ဧရာဝတီဘဏ်သင်တန်းကျောင်းနှင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ Quarantine Center များအဖြစ် ထားရှိနိုင်ရန် စီမံဆောင်ရွက်ထား ရှိပါသည်။

ကိုဗစ်-၁၉ ကာကွယ်ကုသရေး အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ အပါအဝင် စုစုပေါင်း(၁၀၉)ဦးကို စက်တင်ဘာလ (၆)ရက်နေ့မှစတင်၍ လက်ခံထားရှိစေပြီး ၎င်းတို့၏ နေရေးထိုင်ရေးနှင့် စားသောက်ရေး ကိစ္စအဝဝကို ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။










# Covid-19 ကာကွယ်ကုသရေးအတွက် ရခိုင်ဒေသသို့ ဧရာဝတီဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း(၂၈၀) လှူဒါန်း

ရန်ကုန်၊ ဩဂုတ် ၂၈

ဧရာဝတီဖောင်ဒေးရှင်း တာဝန်ရှိသူများသည် ကိုဗစ် ကူးစက်ခံရသူ (၁၀၀)ကျော်ကို အနီးကပ် ကြပ်မတ်ကုသပေးလျက် ရှိသော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ်သိန်း(၁၆၀)တန်ဖိုးရှိ အရေးပေါ်လိုအပ်နေသော ကာကွယ် ကုသရေးပစ္စည်းများနှင့် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက် ရှိကြသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ အတွက် ကျပ်သိန်း(၁၂၀)၊ စုစုပေါင်း ငွေကျပ်သိန်း(၂၈၀)ကို ဩဂုတ်လ(၂၇)ရက်နေ့က သွားရောက်လှူဒါန်းခဲ့ပါသည်။

လှူဒါန်းခဲ့သောပစ္စည်းများတွင် ခွဲစိပ်စက် (၄)လုံး၊ Oxygen Concentrator (၅)လုံး၊ သွေးပေါင်တိုင်းစက်(၁၀)ခု၊ Infrared Thermometer (၅)ခု၊ Gown Sterilize SMS (၁၅၀)၊ Patient Monitor (၂)လုံး၊ ICU သုံး PPE (၁၅၀)၊ Surgical Facemask အခုရေ(၂၀၀၀၀)နှင့် 3M N95 Mask များပါဝင်ပြီး ဧရာဝတီဖောင်ဒေးရှင်းအနေဖြင့် ရခိုင်ပြည်နယ်အတွင်းမှ အခြား မြို့နယ်များအတွက်လည်း ဆက်လက်ထောက်ပံ့ကူညီသွားမည် ဖြစ်ပါသည်။







စိမ်းလန်းစိုပြေသော တောနက်ကြီးထဲတွင် သားရဲတိရစ္ဆာန်ကြေးငှက်ပေါင်းစုံတို့ စုပေါင်းနေထိုင်ကြ၏။ အသီးအရွက်၊ မြက်စားသော သတ္တဝါများရှိသလို အသားစားသတ္တဝါများလည်း မှီတင်းနေထိုင်လျက်ရှိကြ၏။ ဒါသည်ပင်လျှင် ဂေဟစနစ်ဖြစ်ပါသည်။

တစ်နေ့သောအခါ မြေခွေးနှင့် ဖြူကောင်တို့ ထိပ်တိုက်ဆုံမိကြ၏။ ထုံးစံအတိုင်း ဆာလောင်နေသော မြေခွေးက ဖြူကောင်ကိုစားရန်အတွက် နည်းပရိယာယ်ပေါင်းစုံဖြင့်ကြိုးစား၏။ ရုတ်တရက် ခုန်အုပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ တိတ်တဆိတ် ချဉ်းကပ်ခြင်း၊ အမြန်ပြေးလိုက်ခြင်း စသည်ဖြင့် ဖြူကောင်အား မောပန်းစေရန်နှင့် ဖမ်းဆီးစားသောက်ရန် ကြိုးစား၏။

ထို့ကြောင့် ရှေးရိုးဂရိစကားပုံက "Fox know many small things"ဟု ဆို၏။ အရာအားလုံးကိုသိ၏။ သို့သော် မည်သည့်ဗျူဟာကို အာရုံစူးစိုက်(Focus)လုပ်ရမည်ကို မသိခြင်းပင်။

ဖြူကောင်လေးကတော့ ထိုသို့မဟုတ်။

# မြေခွေး နှင့် ဖြူကောင်

ဉာဏ်တိုး (Group HR)





မည်ဆိုလျှင် အောင်မြင်နိုင်ခြေများမည်ဟု မြေခွေးက နည်းပရိယာယ်ပေါင်းစုံဖြင့် ဘယ်လိုပင် ကြိုးစားကြိုးစား သူ့အားသာချက်တစ်ခု ဖြစ်သော သူ၏ခန္ဓာကိုယ်အား ဘောလုံးသဏ္ဍာန် လုံးဝန်းအောင် ကွေးညွတ်ထားပြီး ဆူးတောင်များကိုထောင်ထားသောနည်းလမ်းတစ်ခုတည်းကိုသာ သုံးသွားလေ၏။

ထို့ကြောင့် ရှေးရိုးဂရိစကားပုံတွင် "but, hedgehog knows One Big thing"ဟု ဆိုထားခြင်းဖြစ်ပါသည်။

ထိုသဘောတရားကို အခြေခံ၍ အဖွဲ့အစည်းများတွင် သူတို့အကောင်းဆုံး လုပ်နိုင်သည့် သူတို့၏အားသာသောအရာများကို သတ်မှတ်ဖော်ထုတ်ပြီး အာရုံစူးစိုက် (Focus) ပြောနိုင်ပါသည်။

ထို့ကြောင့် အဖွဲ့အစည်းများ၏ Senior Managemnetများအနေဖြင့် ယခုလို ကိုဗစ် ကာလတွင် အဖွဲ့အစည်းဆက်လက်ရှင်သန် ရပ်တည်ရန်အတွက် အရေးမကြီးသော အရာများကို လစ်လျူရှုပြီး အရေးကြီးသော လုပ်ငန်းစဉ်များပေါ်တွင် အာရုံစူးစိုက်ပြီး စနစ်တကျလုပ်ကိုင်ခြင်းဖြင့် ကိုဗစ်ကပ်ဘေး ကာလကို အောင်မြင်မှုနှင့်အတူ လွန်မြောက် ပါစေဟု ဆန္ဒပြု ရေးသားလိုက်ရပါသည်။

*Ref: Jim Collin is "Good to Great"*

**ဉာဏ်တိုး** (Group HR)

# မက်စ်ဘိလပ်မြေမှ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ကျောင်းခြံဝန်းနံရံ ဆေးသုတ်လှူဒါန်းခြင်း ပြုလုပ်

ရန်ကုန်၊ ဩဂုတ် ၁၂

မက်စ်ဘိလပ်မြေ၏ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ကျောင်းနံရံဆေးသုတ်လှူဒါန်းခြင်းကို ၂၀၂၀ခုနှစ်၊ ဩဂုတ် (၁၂)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဆုတောင်းပြည့်ကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။





ရှေးဦးစွာဩကာသကန်တော့ချီးဖြင့် ဘုရားရှိခိုးပြီး သံဃာတော်အရှင်သူမြတ်များထံ ငါးပါးသီလခံယူ၍ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် ပရိတ်တရာတော်များနာယူကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။ ထို့အတူ ကျောင်းခြံဝန်းများကိုဆေးကြောခြင်းနှင့် ဆေးသုတ်လှူဒါန်းခြင်းအတွက် လိုအပ်သည့်လှူဒါန်းမှုများကို ပြုလုပ်ခဲ့ပြီး လှူဒါန်းမှုများအတွက်ရေစက်သွန်းချအမျှပေးဝေခဲ့သည်။









## မက်စ်မြန်မာကုမ္ပဏီအုပ်စုမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့်ပရိတ်တရားတော်များနာယူ

ရန်ကုန်၊ ဩဂုတ် ၁၁

မြန်မာသက္ကရာဇ် ၁၃၈၂ခုနှစ်၊ ဒုတိယဝါဆို လပြည့်ကျော်(၇)ရက်၊ ၂၀၂၀ခုနှစ်၊ ဩဂုတ်လ (၁၁)ရက် (အင်္ဂါနေ့)တွင် မက်စ်မြန်မာကုမ္ပဏီ အုပ်စုမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းခြင်းနှင့် ပရိတ်တရားနာယူခြင်းတို့ကို ရန်ကုန်မြို့၊ ကုမ္ပဏီဧည့်ခန်းမ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ ကျားကူးကျောင်းတိုက်မှ နာယက ဆရာတော်ဦးဥတ္တရအမှူးပြုသော သံဃာတော် များအား နံနက်ပိုင်း၌အရုဏ်ဆွမ်းဆက်ကပ်ပြီး ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့သည်။ မက်စ်မြန်မာကုမ္ပဏီအုပ်စု မိသားစုများက ဩကာသကန်တော့ချီးဖြင့်ညီညာစွာကန်တော့၍ ဆရာတော်ဦးဥတ္တရထံမှ သီလပေး တရားခံယူခဲ့ ကြပြီး ဆရာတော်အမှူးပြုသောသံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ဝတ္ထုအစုစုတို့ကို ဆက်ကပ်ခဲ့ကြကာ ပရိတ် တရားတော်များ နာယူခဲ့ကြပါသည်။ ဆက်လက် ၍ ဆရာတော်ဦးဥတ္တရမှ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းခြင်းနှင့် ကပ်ကြီး(၃)ပါးမှ ကျော်လွှန်စေ နိုင်သည့်သစ္စာပြုတရားတော်များကို ချီးမြှင့် ဟောကြားခဲ့ပြီးနောက် တရားနာပရိသတ်များမှ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက် သွန်းချအမျှဝေခဲ့ကြသည်။

## Max Highway Co.,Ltdမိသားစု စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



ဩဂုတ် ၁၂၊ ရန်ကုန် ။ ။ Max Highway Co.,Ltd မိသားစု၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကိုဩဂုတ် ၁၂ရက်နေ့တွင် ကုမ္ပဏီရုံးချုပ်၌ပြုလုပ်ခဲ့ပြီး ဆရာတော်မှ ဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကြောင့်ရရှိနိုင်သည့် အကျိုးတရား များကိုဟောကြားတော်မူခဲ့ပြီး သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဇီဝဇိုးငှက်သံလေးများ ကျယ်လောင်စွာ ပျံ့လွင့်နေတဲ့မြို့တစ်မြို့ကို ပထမဆုံးအကြိမ် ရောက်ရှိဖို့အကြောင်းဖန်လာပါတယ်။ ဧပြီလ ပထမပတ်ရဲ့ပူပြင်းတဲ့နွေခါရက်ဖြစ်ပြီး ဘဏ် တည်ဆောက် ရေးအတွက် ဗမခ့ငအနုခအျက ကိုတေဇာ၊ ဒါရိုက်တာ၊ ဦးစောနဲ့ ကျွန်တော်တို့ရဲ့ ပထမဆုံး မြိတ်၊ ထားဝယ်(၃)ရက်ခရီးစဉ်ပဲဖြစ်ပါတယ်။ ရန်ကုန်ကနေ ထားဝယ်မြို့ကို တိုက်ရိုက် လေယာဉ်နဲ့ရောက်ရှိခဲ့ပါတယ်။ လေဆိပ်ကနေ ဆင်းဆင်းချင်း ရာသီဥတုက ပူပြင်းစွာဆီးကြိုလို့ နေပါတယ်။ ထားဝယ်ဂေါက်ကလပ်နဲ့ ထားဝယ် ကွန်ပျူတာတက္ကသိုလ်မရောက်ခင် အပိုင်းက တစ်ဆင့် မြို့လယ်ခေါင်မှာရှိတဲ့ အာဇာနည်လမ်း ပေါ်ကဘဏ်တည်ဆောက်မယ့်နေရာကို တိုက်ရိုက် သွားရောက်ခဲ့ကြပါတယ်။ မြို့လယ်ဆိုပေမယ့် ကမ်းနားလမ်းနဲ့ ပိုနီးတယ်လို့ ဆိုရပါမယ်။

အသစ်တည်ဆောက်မှာဖြစ်တဲ့အတွက် မြေကွက်အကျယ်၊ မြေကွက်အနေအထား၊ လမ်း အခြေအနေ၊ ဘေးကပ်လျက်အိမ်အခြေအနေတွေ ကို ကျွန်တော်တို့၃ယောက် တိုင်းလိုက်၊ မှတ်လိုက် နဲ့ ညနေမှောင်စပျိုးတဲ့အချိန်ရောက်တဲ့ထိပါပဲ။ ဦးစောက သူ့ရုံးခန်းကိုသွားပြီး အဝတ်အစားလဲကာ




# အမှတ်တရ (၆)

သံမျှင်ဦး

ရှိုးစမိုးနဲ့ ကျွန်တော်တို့ကို ကားနဲ့အသင့်စောင့်နေပြီ ဖြစ်ပါတယ်။ အတိုင်းအတာတွေ လက်စသိမ်းပြီး လက်ဆေးကြောပြီး ဦးစောခေါ်ရာကို သုံးယောက် သားလိုက်ခဲ့ကြပါတယ်။ စားသောက်အပြီး ဟိုတယ်ပြန်နားကြပါတယ်။ မနက်စောစော ထားဝယ်ကနေ မြိတ်ခရီးစဉ်ကို ခရီးဆက်ရမှာဖြစ် ပါတယ်။ နာမည်ကြီးထားဝယ်အာပုံစားဖို့ မောင်း မကန်သွားဖို့ကိုတော့ နောက်တစ်ခါပေါ့လို့ စိတ်ဖြေ လိုက်ကြပါတယ်။ မနက်စောစော ရန်ကုန်ကလာ မယ့် လေယာဉ်ကို ထားဝယ်မှာစောင့်စီးပြီး မြိတ်မြို့ကို ခရီးဆက်ရတာဖြစ်ပါတယ်။

ဇီဝဇိုးငှက်လေးတွေစည်နေတဲ့ မြိတ်မြို့ကို နံနက် ၁၀း၀၀နာရီမှာရောက်ရှိလို့နေပြီဖြစ်ပါတယ်။ နိုင်ငံကျော်မင်းသားကိုလွင်မိုး၊ မင်းသမီးမဆင့်ခေါ် မေသန်းနုတို့ရဲ့ဇာတိဖြစ်တဲ့မြိတ်မြို့၊ ဆရာကြီး မြသန်းတင့်ရေးသားခဲ့တဲ့ ငွေသောင်ယံ အီကွေတာ ညများစာအုပ်ထဲကလို ဟွန်ဒါယဉ်ကျေးမှုထွန်းကား တဲ့မြို့ပါ။ ဦးစော ထားဝယ်မှာ ကျန်ခဲ့ပေမယ့် ဦးစောစီစဉ်ပေးထားတဲ့အတိုင်း မြို့ခံကိုမျိုးတို့ လေဆိပ်ကို လာကြိုကြပြီး လေဆိပ်အနီး အေးရိပ်ချောင်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ Hotel Mergui ကို ချီတက်ခဲ့ကြပါတယ်။ ပြီးမှ ဘဏ်လုပ်မယ့် အဆောက်အအုံက အသစ် တည်ဆောက်ဖို့မလိုဘဲ ခပ်လတ်လတ်အနေ အထားအတိုင်းရှိနေသေးတဲ့ ၂ထပ် RCတိုက်ကို Renovation ပြုပြင်ဖို့ပဲလိုအပ်ကြောင်း တွေ့ရှိရပါတယ်။ လိုက်ပြတဲ့ကိုမျိုးတို့နဲ့ ကျွန်တော် တို့သုံးယောက် လက်ရှိအဆောက်အဦးရဲ့အတိုင်း အတာတွေကို အသေးစိတ်တိုင်းတာရပါတယ်။ ကျွန်တော်နဲ့ကိုတေဇာ ပေကြိုးဆွဲ တိုင်းတာပြီး ဒါရိုက်တာကတော့ A4စာရွက်ပေါ်မှာ အဆောက် အဦးရဲ့ပုံစံအကြမ်းဆွဲထားတဲ့အပေါ်မှာ အတိုင်း အတာတွေကို လိုက်ထည့်ပေးပါတယ်။ အောက်ဆုံး ထပ်ကို အရင်ဦးဆုံးတိုင်းပြီး ထပ်ခိုးအထပ် ပြီး Main လှေခါးမှအပေါ်ထပ်ကို အသေးစိတ် ထပ်မံတိုင်းတာခဲ့ကြပါတယ်။ ၃ယောက်သား ဇွဲ ကောင်းကောင်းနဲ့ တစ်ခါထဲမြန်မြန်ပြီးအောင် တိုင်းတာလိုက်တာ နေ့လယ်စာ လွတ်ခဲ့ကြပါတယ်။ အလုပ်ပြီးတော့ ညနေ ၃နာရီထိုးလုပြီ။ လူတွေ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်နေကြတော့ ဟိုတယ်ပြန် ရေမိုးချိုး ခဏနားကာ ပင်လယ်စာ တွေရတဲ့ ရတနာဦးဆိုင်ကို ညစာစားဖို့ ကိုမျိုးတို့ လိုက်ပို့ခဲ့ကြပါတယ်။ ထမင်းစားအပြီး မြိတ်မြို့ ကမ်းနားလမ်းရှိ တစ်ခုတည်းသော(အဲဒီအချိန်က) Myeik Shopping Center ဆိုင်ကြီးကို စူးစမ်း လေ့လာဖို့ ကျွန်တော်တို့ရောက်ရှိခဲ့ပြန်ပါတယ်။ အဲဒီအချိန်က အလွန်ခေတ်စားနေတဲ့ အလူမီနီယံ Composite ကာလာချပ်ရောင်စုံများနဲ့ အဆောက် အဦးအပြင်ပတ်ချာလည်ကို အလှဆင်ထားပြီး အတွင်းပိုင်းအပြင်အဆင်တွေကလည်း ခေတ်မီပြီး ဆန်းသစ်နေပါတယ်။ မြေညီထပ်မှာ ဆိုင်ခန်းတွေ



အပြည့်ရှိနေပြီး ပထမထပ်မှာ ကော်ဖီဆိုင်၊ စားသောက်ဆိုင်တွေနဲ့အတူ ဘဏ်မှာ အသုံးပြုနိုင်ဖို့ လိုအပ်ချက်နဲ့ကိုက်ညီတဲ့ ပရိဘောဂဆိုင်ကြီးကိုတွေ့ခဲ့ရပါတယ်။ Hotel Merguiကို ညဇနာရီဝန်းကျင်ပြန်ရောက်ခဲ့ကြပြီး ရေချိုး၊ အဝတ်အစားလဲ၊ ဒိုင်ယာရီရေးပြီး မြိတ်မြို့ရဲ့ ပထမဆုံးညကိုတိတ်ဆိတ်စွာကုန်ဆုံးစေခဲ့ပါတယ်။

မနက်ပိုင်းမှာတော့ ဟိုတယ်မှာ မနက်စာ မစားဘဲ ဆရာစိန်မျိုးမြင့်ရဲ့ မြိတ်ကျွန်းစု အလှများ ဆီသို့ စာအုပ်ထဲမှာပါတဲ့ ဈေးဟောင်းလမ်းထောင့်မှာရှိတဲ့ Green Eyesဆိုတဲ့ လက်ဖက်ရည်နဲ့ အအေးစားဖွယ်စုံရတဲ့ဆိုင်လေးဆီကို ချီတက်လာခဲ့ကြပါတယ်။ နံနက်စာစားအပြီး ကမ်းနားလမ်းမှ တစ်ဆင့် ဆိပ်ငယ်ဘောတံတားဆိပ်ဆင်းစက်တပ်သမ္ဗာန်တစ်စင်းကို အသွားအပြန် ၄သောင်းကျပ်တိတိနဲ့ငှားပြီး တစ်ဖက်ကမ်းမှာရှိတဲ့ ပထက်တောင် အတုလရံသီ ရွှေသာလျောင်းဘုရားကြီးဆီကို ကျွန်တော်တို့၃ယောက် ပထမဆုံးအကြိမ်အဖြစ်



သွားရောက်ခဲ့ကြပါတယ်။ ဘုရားကြီးကနေ မြိတ်မြို့ဖက်ကမ်းကို ပြန်ကူးလာကြပြီး ကျွန်တော်တို့ရဲ့လုပ်ငန်းအစီအစဉ်ကို စတင်ရပါတော့တယ်။ အိမ်ဆောက်ပစ္စည်းဆိုင်တွေ၊ လျှပ်စစ်ပစ္စည်းဆိုင်တွေ၊ ကုန်မာဆိုင်တွေ၊ အိမ်သုတ်ဆေးတွေ၊ Furnitureဆိုင်တွေကို ကွင်းဆင်း လေ့လာခဲ့ကြပါတယ်။ မြိတ်မြို့မှာမရနိုင်တဲ့ပစ္စည်းအချို့ကို ရေလမ်း၊ ကုန်းလမ်းသုံးပြီးပို့ရမှာဖြစ်ပါတယ်။ ဆိုင်တွေလိုက်ကြည့်ပြီး နေ့လယ်စာကို ပန်းအင်ကြင်း မြန်မာထမင်းဆိုင်မှာ စားခဲ့ကြပါတယ်။ ငပိထောင်းသုတ်၊ ပဲကြာဇံသုတ်၊ ကြက်ဟင်းခါးသီးကြော်တွေက ခံတွင်းတွေ့လှသလို စားရတဲ့ဟင်းအမည်တိုင်း အရသာရှိလှပြီး လိုက်ပွဲတွေ ယူမလောက်အောင်ဖြစ်ခဲ့ကြပါတယ်။ နေ့လယ်စာစားပြီး ဟိုတယ် Check Out လုပ်ကာ မြိတ်-ရန်ကုန်တိုက်ရိုက်လေယာဉ်ဖြင့် ရန်ကုန်သို့ ပြန်လာခဲ့ကြပါတယ်။

ထားဝယ်၊ မြိတ် ၃ရက်ခရီးစဉ်အပြီး နောက်တစ်လအကြာမှာ မြိတ်ဘဏ်တည်ဆောက်ရေးအတွက် Archi Drawingအရင်ဆုံးရရှိခဲ့ပါတယ်။ Renovationလုပ်ငန်းအတွက် ပါမစ်လုပ်ငန်းအပါအဝင် တည်ဆောက်ရေးအပြီး ၄လခွဲနဲ့ Schedulဆွဲကာ တာဝန်ခံအင်/ယာအဖြစ် ဒေါ်အေးသက်တို့အဖွဲ့ကို တာဝန်ပေးခဲ့ပါတယ်။

မြိတ်မြို့ကို ဘဏ်တည်ဆောက်ရေးလုပ်ဆောင်နေချိန်မှာ ရန်ကုန်ရုံးချုပ်က တာဝန်ခံအဖွဲ့သားတွေနဲ့ မိုးအကုန်သီတင်းကျွတ်မတိုင်မီ ဒုတိယအကြိမ်အဖြစ်ထပ်မံရောက်ရှိခဲ့ပြန်ပါတယ်။ လေဆိပ်ကို လာကြိုကြတဲ့ဒေါ်အေးသက်တို့နဲ့အတူ ဘဏ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ အဖွဲ့သားအားလုံး ချီတက်ခဲ့ကြပါတယ်။ တာဝန်ခံအင်ဂျင်နီယာဒေါ်အေးသက်တို့နဲ့ ပြုပြင်ဖို့လိုအပ်ချက်တွေ၊

လက်ရှိအနေအထားတွေကြည့်၊ Designပိုင်းနဲ့ လက်တွေ့တည်ဆောက်ရေးအတွက် ကန်ထရိုက်တာတွေနဲ့ညှိနှိုင်းတိုင်ပင်ခဲ့ကြပါတယ်။ လုပ်ငန်းခွင်အတွင်း Renovationလုပ်တဲ့ Civilအဖွဲ့၊ Finishingလုပ်တဲ့ IDအဖွဲ့၊ Systemပိုင်းတွေပါဝင်တဲ့ MEPအဖွဲ့တို့နဲ့အတူပါလာတဲ့ Civil၊ MEP Engineerတွေနဲ့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းဆုံးဖြတ်ပြီး ၂၀၁၁ဒီဇင်ဘာဆန်းမှာ အပြီးသတ်နိုင်အောင် စီစဉ်ခဲ့ကြပါတယ်။ ထုံးစံအတိုင်း နေ့လယ်စာလွတ်သွားကြပြီး ဒေါ်အေးသက်တို့ တည်ခင်းတဲ့ မြိတ်ကတ်ကြေးကိုက်နဲ့ တစ်နေကုန်သွားကြပါတယ်။

နောက်တစ်နေ့နံနက်မှာ Procurement ဌာနက အတူပါလာတဲ့ မမြတ်ဆု၊ ရုံးချုပ်တာဝန်ခံ မမာလာတို့နဲ့ မြိတ်မြို့ရှိ ဆောက်လုပ်ရေးဆိုင်များအား ကြိုတင်ပြုစုထားတဲ့စာရင်းများအတိုင်း ထပ်မံကွင်းဆင်းခဲ့ကြပါတယ်။ ရေပိုက်နဲ့ ရေပိုက်ပစ္စည်းတွေလည်း ရန်ကုန်ကနေလာရပြီး Air Con၊ TVတံဆိပ်တချို့သာ ယိုးဒယားမှအဝင်ဖြစ်ပြီး ကျန်တံဆိပ်တွေ ရန်ကုန်ကနေမှာယူဆဲလို့ သိရပါတယ်။ မြိတ်မြို့မှာခေတ်စားနေတဲ့ Aluminiumကွန်ပို့စစ်ကာလာချပ်တွေအားလုံးနီးပါးကို ရန်ကုန်ကမှာယူရကြောင်း သိရပါတယ်။ အဲဒီအချိန်က မြိတ်မြို့မှာဝယ်လို့ရတဲ့ပစ္စည်းအမျိုးအစားတွေကို ရုံးချုပ်ကခွင့်ပြုနိုင်တဲ့ ဈေးနှုန်းနဲ့ ညှိနှိုင်းဆွေးနွေးပြီး ဝယ်ရမှာဖြစ်ပါတယ်။ ဒေသဈေးနှုန်းသိရတဲ့အတွက် Budgetလည်း အနီးစပ်ဆုံးတွက်လို့ရသလို ဘဏ်ဘက်နဲ့လည်း စာချုပ်ချုပ်အလုပ်လုပ်နိုင်မှာဖြစ်ပါတယ်။ Civil Work လုပ်ငန်းတွေကို ဒေသခံများနဲ့အဓိကထားလုပ်ဆောင်ခဲ့ပြီး အတွင်းပိုင်းအလှဆင်လုပ်ငန်း၊ အပြင်ပိုင်းအလူမီနီယမ်နှင့် ကွန်ပိုးစစ်ဘုတ်ပြား




ကပ်ခြင်းလုပ်ငန်းတွေကို ရန်ကုန်မှ ကန်ထရိုက်အဖွဲ့နှင့် ဆောင်ရွက်ခဲ့ပါတယ်။ ရေ၊ မီးလုပ်ငန်း၊ Airconလုပ်ငန်း၊ cctv၊ ELV-Fire Alarm၊ PABXလုပ်ငန်းများကိုလည်း ရန်ကုန်ကအဖွဲ့တွေကို အမှာခံထားလုပ်ဆောင်ခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ် တည်ဆောက်ရေးကာလအချိန်တွေ မြိတ်မြို့မှာ လျှပ်စစ်ဓာတ်အားမရသေးဘဲ ပုဂ္ဂလိက မီးစက်တွေနဲ့မောင်းပြီး မီးပေးထားရကာ တစ်ယူနစ်ကို ၄၂၀ကျပ်နှုန်းပေးနေရကြောင်း သိရှိခဲ့ရပါတယ်။ ပုဂ္ဂလိကဘဏ်တချို့မှာလည်း ကိုယ်ပိုင်မီးစက်၂လုံးထားကြကာ အလုပ်ချိန်မှာ မီးစက်တစ်လုံးနှိုး၊ တစ်လုံး Stand Byထားကြရကြောင်း သိရှိခဲ့ရပါတယ်။

ဘဏ်တည်ဆောက်ရေးလုပ်ငန်းခွင် ပြန်ရောက်တော့ မီးဖြတ်ထားတာသိလိုက်ရပြီး ဆိုင်ငယ်ရပ် လျှပ်စစ်ရုံးကို တစ်ဖွဲ့သားလုံးသွားကြပြန်ပါတယ်။ မီးဖြတ်ထားကြောင်း ဆွေးနွေးအပြီး တာဝန်ကျအစ်မကြီးက လိပ်စာမေးပြီး စာအုပ်ဖွင့်ကြည့်ကာ ကြွေးကျန်လို့ပြောတဲ့အသံကို အတော်



နားထောင်ခဲ့ရပါတယ်။ ရုံးခန်းဘေးမှာရှိတဲ့ မီးစက်သံကြီးတွေက အတော်ကို ဆူညံလို့နေပါတယ်။ ညစာစားဖို့ ကန်ဖျားရပ်အသွား ကန်ဖျားလမ်းပေါ်မှာ တရုန်းရုန်းနဲ့မီးစက်သံတွေက တောက်လျှောက်ကြားခဲ့ရပါတယ်။ စိတ်ကူးယဉ်မိခဲ့တဲ့ ဇီဝဇိုးငှက်သံလေးတွေကိုတော့ မကြားခဲ့ရပါဘူး။ မြို့လယ်ခေါင်မှာတော့ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်ထုကြီးကို ကျက်သရေရှိစွာဖြင့် တွေ့မြင်ခဲ့ရပါတယ်။

အခက်အခဲတွေ ဘယ်လောက်ပဲရှိရှိ အတူတကွပူးပေါင်းဖြေရှင်းကြရင်း တနင်္သာရီတိုင်းမှာရှိတဲ့ ပထမဆုံးသောမြိတ်ဘဏ်ခွဲကို ဧရာဝတီဘဏ်၏ ၁၈ဘဏ်မြောက်ဘဏ်အဖြစ် ၂၉-၁၂-၂၀၁၁မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မြိတ်ဘဏ်ပြီးခါနီးမှာ ခွင့်ပြုချက်ကျပြီဖြစ်တဲ့ ၅ထပ် အဆောက်အဦးထားဝယ်ဘဏ်တည်ဆောက်ရေးကို ဆက်လက်လုပ်ဆောင်နိုင်ပြီး ၂၉ဘဏ်မြောက် ဘဏ်ခွဲအဖြစ် ၃-၁၂-၂၀၁၂မှာ ဒေါ်အေးသက်တို့အဖွဲ့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကော့သောင်းဘဏ်ခွဲကို ၁-၃-၂၀၁၆၊ မြိတ် အမှတ်(၂)ဘဏ်ခွဲကို ၂၃-၁၂-၂၀၁၆တို့မှာ ဆက်သွယ်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၂၀၁၀ ဩဂုတ် ၁၁ရက် နေပြည်တော်ဘဏ်မှစလို့ မြန်မာတစ်ပြည်လုံး တည်ဆောက်ရေးလုပ်ငန်းတွေကို Max Constructionအနေနဲ့ ဖြန့်ကျက်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ၂၀၁၀ ဩဂုတ် ၁၁မှ ၂၀၁၆ ဒီဇင်ဘာလအထိ ၅နှစ်၊ ၄လ ကာလမှာ ဘဏ် ၂၀၀ကို အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖွင့်လှစ်နိုင်ခဲ့တာက ကျွန်တော်တို့ရဲ့ သက်သေခံအမှတ်အသားတွေလို့ ပြောလို့ရပါတယ်။ အခုထိလည်း ဆက်လက်ပြီး ဘဏ်ခွဲတွေကို ခေတ်ကာလနဲ့အညီ အသွင်ပြောင်း တည်ဆောက်ရင်း အောင်မြင်တိုးတက်တဲ့ အဖွဲ့အစည်းကြီးကို ရေရှည်တိုးတက်အောင် ထိန်းသိမ်းကြဖို့အတွက် မျိုးဆက်အင်အားသစ်နဲ့အတွေ့အကြုံပညာရှင်တွေ၊ မျိုးဆက်ဟောင်းတွေပူးပေါင်းကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားပူးပေါင်း အားထုတ်လုပ်ဆောင်ကြဖို့ ကျွန်တော်တို့Max Myanmar Constructionအဖွဲ့သားတွေရဲ့တာဝန်ပဲဖြစ်ပါတယ်။

**သံဗျင်ဦး**

၂၈-၇-၂၀(10:05 pm)

# PHOTO NEWS

## ဦးဇော်ဇော်မိသားစု ဒုလ္လဘ ရဟန်းခံ မှတ်တမ်းဓာတ်ပုံများ



















## အိန္ဒိယမှချီးမြှင့်သည့် မဟာတ္တမ ဂန္ဒီ ဂလိုဘယ်ငြိမ်းချမ်းရေးဆုကို IBECဆရာတော် ရရှိ




ဩဂုတ် ၂၆ ။ ။အိန္ဒိယနိုင်ငံဂုရုကြီး မဟတ္တမ ဂန္ဒီ ဂလိုဘယ်ငြိမ်းချမ်းရေးဖောင်ဒေးရှင်းက စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် မဟာသဒ္ဓမ္မဇောတိကဓဇ IBECဆရာတော်ဒေါက်တာအရှင်သောဘိတအား Mahatama Gandhi Global Peace Award 2020 ဆုကို ဩဂုတ်လ(၁၈)ရက်က ချီးမြှင့်လိုက်ကြောင်း သိရသည်။ IBECဆရာတော်သည် စစ်ကိုင်းမြို့ သောတာပန်ရပ်တွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာကို တည်ထောင်ထားပြီး ကဏ္ဍကြီး၅ခုဖြင့် သာသနာပြုလုပ်ငန်းများအပြင် ပြည်တွင်းပြည်ပ ငြိမ်းချမ်းရေးကိစ္စရပ်များ၊ လူမှုကူညီရေးကိစ္စရပ်များကိုလည်း စွမ်းဆောင်လျက်ရှိကြောင်း IBEC သတင်းနှင့် ပြန်ကြားရေးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ Ref: MMTimes

## ယူနီဆက်ဖ်က ကိုဗစ်-၁၉ ရောဂါဆိုင်ရာထောက်ပံ့ရေး ပစ္စည်းများ ထပ်မံပို့




ဩဂုတ် ၂၉ ။ ။ ရခိုင်ပြည်နယ်တွင် Covid-19 အတည်ပြုလူနာအရေအတွက် တိုးမြင့်လာနေစဉ် အမေရိကန်ဒေါ်လာ ၂.၈သန်းတန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ PPEများကို ရန်ကုန်မြို့သို့ ဩဂုတ်လ နောက်ဆုံးပတ်တွင် ပို့ဆောင်နိုင်ခဲ့ကြောင်းကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF)က ထုတ်ပြန်ခဲ့သည်။ ထောက်ပံ့ရေးပစ္စည်းများကို ယူနီဆက်ဖ်က ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက် ၃ကြိမ်ခွဲ၍ ပို့ဆောင်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂)သိန်းကျော်တန်ဖိုးရှိ PPE ဝတ်စုံများမှာ ထိုင်းနိုင်ငံ(မြဝတီမြို့မှတစ်ဆင့်)နှင့် တရုတ်နိုင်ငံ(မူဆယ်မြို့မှတစ်ဆင့်) ကုန်းလမ်းပို့ဆောင်မှုဖြင့် မြန်မာနိုင်ငံသို့ သယ်လောင်လာပြီဖြစ်ကြောင်း ဩဂုတ်လ(၂၈) ထုတ်ပြန်ချက်၌ဖော်ပြထားသည်။ Ref: 7Day

## ကမ္ဘာ့နိုင်ငံတိုင်း၏ကျန်းမာရေးလုပ်ငန်းများထိခိုက်ခဲ့ဟု WHOပြောကြား

စက်တင်ဘာ ၃ ။ ။ ကိုဗစ်ရောဂါဖြစ်ပွားနေခိုက် နိုင်ငံတိုင်းလိုလို၏ မရှိမဖြစ်ကျန်းမာရေးဝန်ဆောင်မှုများ ထိခိုက်ခဲ့ကြောင်းနှင့်ဝင်ငွေနည်း၊ ဝင်ငွေအလယ်အလတ်နိုင်ငံများ ထိခိုက်မှုအများဆုံးခံစားခဲ့ရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကပြောကြားသည်။ ကူးစက်ရောဂါများမှသည် အာဟာရနှင့်မျိုးဆက်ပွားကျန်းမာရေးအထိ ဝန်ဆောင်မှုများ ပြတ်တောက်ခဲ့ကြောင်း စစ်တမ်းကဖော်ပြသည်။ Ref: 7Day

## Tik Tokကိုဝယ်ယူရန် Microsoftနှင့် Walmart ကုမ္ပဏီပူးပေါင်းမည်




ဩဂုတ် ၂၈ ။ ။ Tik Tok၏အမေရိကန်လုပ်ငန်းများကိုဝယ်ရန် အတွက် အမေရိကန်လက်လီကုမ္ပဏီကြီးဖြစ်သည့် Walmartသည် Microsoftနှင့် ပူးပေါင်းသွားမည်ဖြစ်သည်။ တရုတ်ကုမ္ပဏီပိုင် ဗီဒီယို မျှဝေသည့်အက်ပလီကေးရှင်းနှင့် သဘောတူညီမှုတစ်ရပ်သည် ၎င်း၏လုပ်ငန်းများကို ချဲ့ထွင်ရေးတွင် အထောက်အကူပြုမည် ယုံကြည်ကြောင်း Walmartကုမ္ပဏီက ပြောသည်။ Ref: TST

## လာနီညာရာသီဥတု ဖြစ်နိုင်သော်လည်း အပူချိန် ဆက်လက်မြင့်မားနေမည်

ဩဂုတ် ၂၉ ။ ။ ရှေ့လာမည့်လများတွင် ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ထားသောလာနီညာရာသီဥတုအခြေအနေ၏ အေးမြသောသက်ရောက်မှုရှိနိုင်သော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် ပိုဆိုးလာခဲ့သောကမ္ဘာ့အပူချိန်များပုံမှန်ထက်ဆက်လက်မြင့်မားနေနိုင်သည်ဟု ကုလသမဂ္ဂကပြောကြားသည်။ စက်တင်ဘာနှင့်နိုဝင်ဘာကြား လာနီညာရာသီဥတုဖြစ်နိုင်ခြေ ၆၀ရာခိုင်နှုန်းရှိသည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့(WMO)က ပြောကြားသည်။ လာနီညာရာသီဥတု အမှန်တကယ်ဖြစ်လာခဲ့လျှင်ပင် ၎င်း၏အေးမြသောသက်ရောက်မှုသည် လူတို့၏ပယောဂကြောင့်ဖြစ်လာသော ရာသီဥတုပြောင်းလဲမှု၏ရိုက်ခတ်မှုကို ထိန်းညှိပေးနိုင်မည်မဟုတ်ကြောင်း WMOအကြီးအကဲက သတိပေးပြောကြားသည်။ Ref: 7Day

## ကန့်သတ်မှုမလိုက်နာသူများကို ဥပဒေအရ အရေးယူသွားရန် နိုင်ငံတော်အတိုင်ပင်ခံညွှန်ကြား



စက်တင်ဘာ ၃ ။ ။ ဥပဒေချိုးဖောက်သူများ၊ အစိုးရကကန့်သတ်ထားမှုများကို မလိုက်နာသူများအား ဥပဒေအရ တင်းကျပ်စွာအရေးယူရမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ပြည်ထဲရေးဝန်ကြီးဌာနကို စက်တင်ဘာ(၂)ရက်က ညွှန်ကြားသည်။ "ဘာဖြစ်လို့ အရေးယူဖို့လိုတာလဲဆိုတာ နားလည်ဖို့လိုပါတယ်။ ဘယ်လောက်အန္တရာယ်များလဲ။ တစ်တိုင်းတစ်ပြည်လုံး ပျံ့သွားပြီဆိုရင် အထူးသဖြင့် ရန်ကုန်လိုနေရာမျိုးက ပျံ့သွားပြီဆိုရင် အားလုံးကိုပြည့်ပြည့်ဝလုံလုံလောက်လောက် စောင့်ရှောက်မှုပေးဖို့ အင်မတန်မှ ခက်ပါလိမ့်မယ်။ အားလုံးက စည်းကမ်းရှိဖို့လိုတယ်။ အားလုံးက ဝိုင်းပြီး ပူးပေါင်းဆောင်ရွက်ဖို့ လိုပါလိမ့်မယ်"ဟု နိုင်ငံတော်အတိုင်ပင်ခံက ဆိုခဲ့သည်။ Ref: 7Day

## နိုင်ငံတော်အတိုင်ပင်ခံနှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများVideo Conference ဆွေးနွေးမှုပြုလုပ်



ရန်ကုန်၊ ဩဂုတ် ၁၂

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩဂုတ်လ ၁၂ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်အစည်းအဝေးခန်းမ၌ (Covid-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာအမျိုးသားလက်ရွေးစင်(ဂိုးသမား) သီဟစည်သူတို့နှင့်အပြန်အလှန်ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ဦးဇော်ဇော်ကMFF၏လုပ်ရှားဆောင်ရွက်မှုများကိုကဏ္ဍအလိုက်တင်ပြခဲ့ပြီး အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏စည်းကမ်းများ ကို ပိုမိုလိုက်နာခြင်းအားဖြင့် ကိုဗစ်ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများ အောင်မြင်လာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

## WCခြေစစ်ပွဲများနှင့် အာရှဖလားခြေစစ်ပွဲများကို ၂၀၂၁ခုနှစ်သို့ ပြောင်းရွှေ့ကျင်းပရန်ဖီဖာဆုံးဖြတ်

ဩဂုတ် ၁၂

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း နိုင်ငံတကာဘောလုံးပွဲများပြန်လည်ကျင်းပနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ဩဂုတ်(၁၂)ရက်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)နှင့်အာရှဘောလုံးအဖွဲ့ချုပ်(AFC)တို့ ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးဆုံးဖြတ်ချက်အရ ယခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာအတွင်းကျင်းပရန်ရှိသည့် ၂၀၂၂ကမ္ဘာ့ဖလားခြေစစ်ပွဲများနှင့်၂၀၂၃အာရှဖလားခြေစစ်ပွဲများကို ၂၀၂၁ခုနှစ်တွင်မှကျင်းပမည်ဖြစ်သည်။

## မြန်မာလိဂ် ဂိုးသွင်းအများဆုံးစာရင်းတွင် ရောဝတီတိုက်စ်မှူးဆာဆက် ထိပ်ဆုံးမှ ဦးဆောင်

စက်တင်ဘာ ၁၀



၂၀၂၀ မြန်မာလိဂ် ပွဲစဉ်(၁၄)အပြီးတွင် ဟံသာဝတီအပြီးတွင် ဟံသာဝတီအသင်းနှင့် ရောဝတီအသင်းတို့သည် ရမှတ်(၃၀)မှတ်စီ တူညီနေသော်လည်း သွင်းဂိုးအသာရသည့် ဟံသာဝတီက အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နေပြီး ရောဝတီက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ပွဲစဉ်(၁၄)အပြီး ဂိုးသွင်းအများဆုံးစာရင်း၌ ရောဝတီတိုက်စ်မှူးဆာဆက်က သွင်းဂိုး(၁၂)ဂိုးဖြင့် ဦးဆောင်နေသည်။

Ref: 7Day

## ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် အင်္ဂလန်အသင်း လူစာရင်းထုတ်ပြန်၊ လူငယ်ကစားသမားအများစုပါဝင်လာ



ဩဂုတ် ၂၉

ပရီးမီးယားလိဂ်ပြိုင်ပွဲများမကျင်းပမီ တစ်ပတ်အလိုတွင် နိုင်ငံလက်ရွေးစင်အသင်းများ ယှဉ်ပြိုင်ကစားကြမည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။ အိုက်စလန်၊ ဒိန်းမတ်တို့နှင့်ကစားမည့် ဥရောပ နေးရှင်းလိဂ်ပွဲစဉ်အတွက် အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က ကစားသမား ၂၄ဦးစာရင်းထုတ်ပြန်ခဲ့ရာ လူငယ်ကစားသမားအများစုပါဝင်လာခဲ့သည်။ ရွေးချယ်ခဲ့သောကစားသမား ၂၄ဦးမှာ ဂိုး – ဟန်ဒါ ဆန်၊ ပစ်ဖို့ဒ်၊ နစ်ပုပ်။ နောက် – ကိုင်လီဝေါ်လ်ကာ၊ အဲရစ်ဒိုင်ယာ၊ ထရစ်ပီယာ၊ မိုက်ကယ်ကိန်း၊ အာနီး၊ ဂျိုးဂိုမက်ဇ်၊ တိုင်ရွန်မင့်စ်၊ ကိုဒီ။ လယ် – ဒီကလန်ရိုက်၊ မေဆင်မောင့်၊ ဝပ်ပရိုစီ၊ ဖီးလ်ဖိုဒန်၊ ဂရီလစ်ရှ်၊ မိတ်လန်းနိုင်းစ်၊ ကီဗင်ဖိလစ်၊ စတာလင်း၊ ဟယ်ရီကိန်း၊ ဆန်ချို၊ အေဘရာဟမ်၊ ဒန်နီအင့်စ်၊ ဂရင်းဝုဒ်တို့ဖြစ်ကြသည်။

Ref: The Standard Times

## အပြေးသမားဟောင်း အူစိန်ဘိုကိုဗစ်–၁၉ဗိုင်းရပ်စ် ကူးစက်ခံရ ၎င်း၏မွေးနေ့ပါတီမှကူးခြင်းဖြစ်


ဩဂုတ် ၂၆



ကမ္ဘာ့တာတိုအပြေးသမားဟောင်းအူစိန်ဘိုသည် ကိုဗစ်–၁၉ဗိုင်းရပ်စ်ကူးစက်ခံထားရပြီး ဂျမေကာရှိနေအိမ်၌ သီးသန့်နေထိုင်လျက်ရှိသည်။ အူစိန်ဘိုသည် သူ၏အသက် ၃၄နှစ်ပြည့်မွေးနေ့ပါတီကို ဩဂုတ်(၂၁)ရက်က ဂျမေကာ၌ကျင်းပခဲ့ပြီး အားကစားလောကမှနာမည်ကျော်များ၊ သူ၏မိတ်ဆွေများတက်ရောက်ခဲ့ကာယင်းနေ့နောင်းပိုင်းတွင် ဗိုင်းရပ်စ်ကူးစက်ခံထားရသည်ဟု ဂျမေကာ ကျန်းမာရေးဝန်ကြီးက အတည်ပြုခဲ့သည်။ Ref: EMG

## မန်ယူကွင်းလယ်လူပေါ့ဂ်ဘာ ကိုဗစ်–၁၉ဗိုင်းရပ်စ် ကူးစက်ခံထားရဟု သတင်းထွက်ပေါ်

ဩဂုတ် ၂၈



မန်ယူကွင်းလယ်လူပေါ့ဂ်ဘာသည် ကိုဗစ်–၁၉ရောဂါ ကူးစက်ခံထားရကြောင်း ဩဂုတ်(၂၇)ရက်တွင် Sky Sports သတင်းဌာနက ထုတ်ပြန်လိုက်သည်။ ပေါ့ဂ်ဘာသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲအတွက် ပြင်သစ်အသင်း၏လူစာရင်းတွင် ပါဝင်နေခဲ့ရာ ပြိုင်ပွဲမတိုင်မီ ဆေးစစ်မှုများပြုလုပ်ရာတွင် ကိုဗစ်–၁၉ကူးစက်ခံနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ဆွီဒင်၊ ခရိုအေးရှားတို့နှင့်ကစားမည့် လူစာရင်းတွင် ၎င်းအားချန်လှပ်ခဲ့သည်။ Ref: TST


THE NEW NORMAL
COVID - 19 PANDEMIC

# နေထိုင်မှုပုံစံအသစ်နှင့်အတူ

ကျွန်ုပ်တို့ မည်သည့်နေရာတွင်နေထိုင်သည်ဖြစ်စေ Covid-19ရောဂါကို ကာကွယ်ရန် လိုအပ်နေဆဲဖြစ်ပါသည်။

## သတိပြုကာကွယ်ဆောင်ရွက်ရမည့်အချက်များ

- လက်ကိုစင်ကြယ်အောင် မကြာခဏ ဆေးကြောပါ။
- နှာချေ၊ ချောင်းဆိုးလျှင် တစ်ရှူး(သို့) တံတောင်ကွေးဖြင့် အုပ်ထားပါ။
- လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။ အလုံပိတ် နေရာများအတွက် အချိန် အကန့်အသတ်ဖြင့်သာ နေထိုင်ပါ။
- မျက်နှာကို လက်ဖြင့်ထိတွေ့ ကိုင်တွယ်ခြင်းမှရှောင်ကြဉ်ပါ။



- လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး တစ်မီတာ (၃ပေ)အကွာ၌ နေထိုင်ပါ။
- မကြာခဏထိတွေ့ ကိုင်တွယ်ရသော အရာဝတ္ထုများနှင့် မျက်နှာပြင်များကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ပေးပါ။
- မိမိကိုယ်ကို နေထိုင်မကောင်းဟု ခံစားရလျှင် အခြားသူများနှင့်သီးခြားနေထိုင်ပြီး လိုအပ်ပါက ကျန်းမာရေးစောင့်ရှောက်မှုခံယူပါ။

## သတိပြုရှောင်ရှားရမည့်နေရာများ





အချို့အခြေအနေများ၌ သင့်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ် ပိုများနိုင်ပါသည်။ ကန့်သတ်ချက်များကို ဖယ်ရှားပေးသော်လည်း သင် သွားမည့်နေရာများကို စဉ်းစားချင့်ချိန်ပါ။ အောက်ပါနေရာ(၃)ခုကို ရှောင်ရှားခြင်းဖြင့် လုံခြုံစွာနေထိုင်ပါ။

- လေဝင်လေထွက်မကောင်းဘဲ ကန့်သတ်ပြီး အလုံပိတ်ထားသောနေရာများ။
- လူများစွာရှိသော လူထူထပ်သောနေရာများ။
- လူအများနီးကပ်စွာရှိနေသော အခြေအနေများ။ (အထူးသဖြင့် အနီးကပ် စကားဝိုင်းဖြင့် ပြောဆိုသောနေရာများ)

**Covid-19ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ပြီးဆုံးနိုင်ဖို့ အလှမ်းဝေးနေဆဲပါ။ ဤကပ်ရောဂါသည် မပြီးဆုံးသေးပါ။**

ထိရောက်သောကာကွယ်ဆေး(သို့) ကုထုံးပေါ်သည့်အချိန်အထိ လူတိုင်းတွင် Covid-19၏အန္တရာယ် ရှိနေဆဲဖြစ်ပါသည်။ #StaySafe လုံခြုံစွာနေထိုင်ပါ။

ကိုးကား ~ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)